**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**ကချင်ပြည်နယ် ခရီးစဉ်နှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက် (၅/၂၀၁၂)**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင် (၂)ဦးတို့သည် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့မှ ၂၇ ရက်နေ့ထိ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့များသို့ သွားရောက်၍ အောက်ပါကော်မရှင်လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်-

- စောင့်ရှောက်ရေးစခန်း (၁၆)ခုသို့ သွားရောက်၍ စခန်းနေပြည်သူလူထုနှင့် တွေ့ဆုံပြီး အားပေးစကား ပြောကြားခဲ့ပါသည်။
- ကော်မရှင်သို့ ကချင်ပြည်နယ်မှ တိုင်ကြားထားသော တိုင်ကြားစာများမှ လူ့အခွင့်အရေးချိုးဖောက်သည်ဟု ယူဆသော တိုင်ကြားစာများနှင့် ပတ်သက်၍ သက်သေများအား ခေါ်ယူစစ်ဆေးခဲ့ပါသည်။
- ကချင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့်တွေ့ဆုံ၍ ကချင်ပြည်နယ်၏ လက်ရှိအခြေအနေ အပေါ် အမြင်ချင်း ဆွေးနွေးဖလှယ်ခဲ့ပါသည်။

ကော်မရှင်အဖွဲ့၏ ဆောင်ရွက်တွေ့ရှိချက်များအပေါ် ကော်မရှင်အနေဖြင့် အောက်ပါအတိုင်း သုံးသပ်အကြံပြု တိုက်တွန်းအပ်ပါသည်-

- ကော်မရှင်အဖွဲ့ရောက်ရှိခဲ့သောစခန်းများအား လေ့လာတွေ့ရှိချက်အရ စခန်းများသည် (၁)နှစ်ကျော် ကြာလာပြီဖြစ်သော်လည်း စခန်းနေပြည်သူများအတွက် အခြေခံလိုအပ်ချက်များကို ယခင်အခြေအနေ အတိုင်း ဖြည့်ဆည်းပေးမှုများအား ထိန်းသိမ်းထားနိုင်သည်ကို တွေ့မြင်ရပါသည်။ ရာသီဥတုကြောင့် ဖြစ်ပေါ်လာသောရောဂါများနှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်လျက်ရှိသော ဆေးဝါးများ ထပ်မံဖြည့်ဆည်းပံ့ပိုးပေးပါရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများကို တိုက်တွန်းပါသည်။
- စခန်းနေပြည်သူများ ရွာပြန်လိုကြောင်းနှင့် ရွာတစ်ဝိုက် မိုင်းရှင်းလင်းပေးရန် တင်ပြမှုများရှိပါသည်။ ပြန်လည်ထူထောင်ရေးမပြုလုပ်မီ မိုင်းရှင်းလင်းရေး ပြုလုပ်ပါက လက်နက်ကိုင်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ ရွာသားများကိုလည်း မိုင်းအသိပညာပေးသင့်ပါသည်။
- တိုင်ကြားစာများနှင့်ပတ်သက်၍ သက်သေများ၏ ထွက်ဆိုချက်အရ လက်နက်ကိုင်အဖွဲ့များက ကျေးရွာလူထုအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုအချို့ ရှိနေကြောင်းတွေ့ရှိရပါသည်။ သို့ဖြစ်၍ မည်သို့သော အကြောင်းနှင့်မျှ လူ့အခွင့်အရေး ချိုးဖောက်ခြင်းမပြုရန်၊ လူ့အခွင့်အရေးစံများနှင့်အညီ ဆောင်ရွက်ရန် အလေးအနက်တိုက်တွန်းပါသည်။
- မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာမှ သက်သေများ၏ ထွက်ဆိုချက်အရ KIA မှ တာလောကြီး ရွာသားများအား တပ်သားသစ်အဖြစ် အတင်းအဓမ္မ စုဆောင်းခြင်းရှိခဲ့ကြောင်း၊ KIA ပြည်သူ့စစ်အဖြစ် ဆောင်ရွက်နေသူ တာလောကြီးရွာသား (၅၃)ဦး အလင်းဝင်ရောက်ခဲ့ကြောင်း သိရှိရပါသည်။ မည်သည့် နယ်မြေဒေသတွင်မဆို လက်နက်ကိုင်အဖွဲ့များအနေဖြင့် တပ်သားသစ်များ အတင်းအဓမ္မ ခေါ်ယူစုဆောင်း ခြင်းမပြုရန် တိုက်တွန်းပါသည်။
- တပ်မတော်က တာလောကြီးရွာသား (၂)ဦးအား ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလဆန်းတွင် ဖမ်းဆီးစစ်ဆေး ၍ သက်ဆိုင်ရာမှတစ်ဆင့် တည်ဆဲဥပဒေအရ တရားစွဲဆိုခဲ့ကြောင်း သိရှိရပါသည်။ ကာယကံရှင်များ နစ်နာမှုမရှိစေရေးအတွက် အမှုများ ဆောလျင်စွာပြီးပြတ်အောင် စစ်ဆေးသင့်ပါသည်။
- လုံခြုံရေးတပ်ဖွဲ့များက မသင်္ကာသူများအား လုံခြုံရေးအရ ခေါ်ယူစစ်ဆေးခြင်း၊ တရားဥပဒေနှင့်အညီ တရားစွဲဆိုခြင်းများအား ကော်မရှင်အနေဖြင့် အထူးပြောကြားရန် မရှိပါ။ သို့သော် စစ်ဆေးစဉ် ညှဉ်းပန်း နှိပ်စက်ခြင်းသည် လူ့အခွင့်အရေးချိုးဖောက်ခြင်းဖြစ်သဖြင့် ရှောင်ကြဉ်ရပါမည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးတွင် ပြည်တွင်းပြည်ပမှ အားပေးထောက်ခံမှုများ ရရှိနေပြီဖြစ်ပါသည်။ အလားတူပင် နိုင်ငံတော်အစိုးရသည် ထာဝရငြိမ်းချမ်းရေးဖြစ်တည်လာရေးကြိုးပမ်းရာတွင် သမိုင်းတွင် မှတ်တမ်းတင်နိုင်သော အောင်မြင်မှုများရရှိနေပြီဖြစ်ပါသည်။ ယင်းသို့သော အခြေအနေတွင် ပြည်သူများ၏ ဆန္ဒနှင့်အညီ ကချင်ပြည်နယ်ငြိမ်းချမ်းရေးရရှိရေးအတွက်လည်း ဝိုင်းဝန်းကြိုးပမ်းပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ။ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ (၁၄)ရက်